ဘာအမှတ်...............
ရက်စွဲ...............

ပုံစံ(၁၁)

## ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

## { နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၆/၂၀၁၇)

ဦးသံဒိုင်
ကိုးခရိုင်သားကုမ္ပဏီလီမိတက်
ဇမ္ဗူသီရိမြို့၊ နေပြည်တော်။ } လျှောက်ထားသူ

နှင့်

ဦးသန်းငွေ ပါ အလုပ်သမား(၃၀)ဦး
ဒါန်းဒေါင့်ကျေးရွာ၊ အောင်လံမြို့။ } လျှောက်ထားခြင်းခံရသူ

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၄ ရက်

### ဆုံးဖြတ်ချက်

၁။ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ကိုးခရိုင်သားကုမ္ပဏီလီမိတက်၊ ဦးသံဒိုင်(MD)၊ စည်ပင် အိမ်ယာနေ ဦးစိုးမြင့်မောင်(အင်ဂျင်နီယာမှူး)၊အောင်လံမြို့နေ ဦးကျော်ကျော်မိုး(ခ) ဦးကျော်ကျော် ဦး(ကုန်သည်)တို့နှင့် မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ဒါန်းဒေါင့်ကျေးရွာရှိ အလုပ်သမား ဦးသန်းငွေပါ (၃၀)ဦးတို့အကြားဖြစ်ပွားကြသော အငြင်းပွားမှုကို အောင်လံမြို့နယ်ညှိနှိုင်းဖျန်ဖြေ ရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် မကွေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ မကွေးတိုင်းဒေသကြီး၊ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၂/၂၀၁၆)အရ ထိုအငြင်းပွားမှု ကိုကြားနာစစ်ဆေးပြီး ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ လ ၁၆ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူအလုပ်သမား ဦးသန်းငွေပါ (၃၀)ဦးတို့မှ တောင်းဆို ခြင်းခံရသူထံတွင် လုပ်ငန်းသုံးပစ္စည်းဖိုးငွေ ရရှိလိုမှုနှင့် ဦးသန်းငွေပါ အလုပ်သမား (၃၀)ဦးတို့၏

လုပ်အားခများကို ရရှိလိုမှုနှစ်ရပ်ပေါင်း ကျပ်(၈၅၉၆၈၄၇/-) (ကျပ် ရှစ်ဆယ့်ငါးသိန်းကိုးသောင်းခြောက်ထောင်ရှစ်ရာလေးဆယ့်ခုနှစ်တိတိ)ကို ရရှိလိုကြောင်းတောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် မကွေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၂) ချက် ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှ အောက်ပါကောက်ချက်(၂) ချက်ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကိုကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** ဦးသန်းဌေးပါ (၃၀)ဦး၏ လုပ်အားခရရန်ငွေကျပ် (၂၀၂၉၆၈၄၇/-) (ကျပ် နှစ်ရာ့နှစ်သိန်းကိုးသောင်းခြောက်ထောင်ရှစ်ရာလေးဆယ့်ခုနှစ်တိတိ)အနက်မှ ပေးချေပြီးငွေကျပ် (၁၁၇၀၀၀၀၀/-)(ကျပ်တစ်ရာတစ်ဆယ့်ခုနှစ်သိန်းတိတိ)ရရှိပြီး လုပ်အားခကျန်ငွေ ကျပ်(၈၅၉၆၈၄၇/-) (ကျပ် ရှစ်ဆယ့်ငါးသိန်းကိုးသောင်းခြောက်ထောင်ရှစ်ရာလေးဆယ့်ခုနှစ်တိတိ)ကို တောင်းဆိုခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အထက်ပါသုံးသပ်ချက်များအရ ဦးသန်းဌေးပါ ၃၀ ဦး၏ လုပ်အားခကျန်ငွေမှာ ငွေကျပ်(၈၅၉၆၈၄၇/-) (ကျပ်ရှစ်ဆယ့်ငါးသိန်းကိုးသောင်းခြောက်ထောင့်ရှစ်ရာလေးဆယ့်ခုနှစ်တိတိ)ဖြစ်သည်ဟု ဆုံးဖြတ်လိုက်သည်။

**ကောက်ချက်အမှတ်(၂)။** ဦးသန်းဌေးပါ(၃၀)ဦးမှ ရရန်ရှိသည့်ငွေကျပ် (၈၅၉၆၈၄၇/-) (ကျပ် ရှစ်ဆယ့်ငါးသိန်းကိုးသောင်းခြောက်ထောင်ရှစ်ရာလေးဆယ့်ခုနှစ် တိတိ) ကို မည်သူကပေးရန် တာဝန်ရှိသနည်း။

**ဆုံးဖြတ်ချက်အမှတ်(၂)။** အထက်ပါ သုံးသပ်ချက်များအရ ဦးသန်းဌေးပါ ၃၀ ဦးမှ ရရန်ရှိသည့် ငွေကျပ် (၈၅၉၆၈၄၇/-) (ကျပ်ရှစ်ဆယ့်ငါးသိန်းကိုးသောင်းခြောက်ထောင်ရှစ်ရာလေးဆယ့်ခုနှစ်တိတိ)ကို ကိုးခရိုင်သားကုမ္ပဏီလီမိတက်မှပေးရန်ဆုံးဖြတ်လိုက်သည်။

၅။ မကွေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ်(၂/၂၀၁၆) ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင်ဘက်မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၇)ဖြင့် ခုံသမာဓိကောင်စီအမှုအမှတ် (၆/၂၀၁၇) အား ကြားနာ

စစ်ဆေးမည့် အစိုးရကိုယ်စားလှယ် ဦးသောင်းစိန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ အလုပ်သမားကိုယ်စားလှယ် ဦးရဲနိုင်ဝင်းတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အဆိုပါအမှုတွဲကို လက်ခံရရှိပြီးနောက် ၁၄-၂-၂၀၁၇ ရက်နေ့တွင် အလုပ်ရှင်၊ အလုပ်သမားများကို တွေ့ဆုံစစ်ဆေး၍ ထွက်ဆိုချက်များကို ရယူခဲ့ပါသည်၊ မေးမြန်းချက်များကိုဆောင်ရွက်ရာတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးတွင် နှစ်ဖက်ထွက်ဆိုချက်မှတ်တမ်းများ၊ မကွေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ရှေ့မှောက်တွင် ထွက်ဆိုခဲ့သည့်မှတ်တမ်းများနှင့်နှစ်ဦးနှစ်ဖက်တို့မှ တင်ပြလာသော စာရွက်စာတမ်းအထောက်အထားများအပေါ် အခြေခံ၍ ခုံအဖွဲ့အနေဖြင့် အောက်ပါအတိုင်း ကောက်ချက်ကိုပြုစုခဲ့ပါသည်။

**ကောက်ချက်အမှတ်(၁)။** ဦးသန်းငွေပါ (၃၀)ဦး၏ လုပ်အားခရရန်ငွေကျပ် (၂၀၂၉၆၄၇/-) (ကျပ် နှစ်ရာနှစ်သိန်းကိုးသောင်းခြောက်ထောင်ရှစ်ရာလေးဆယ့်ခုနှစ်တိတိ)အနက်မှ ပေးချေပြီးငွေကျပ် (၁၁၇၀၀၀၀၀/-)(ကျပ်တစ်ရာတစ်ဆယ့်ခုနှစ်သိန်းတိတိ)ရရှိပြီး လုပ်အားခကျန်ငွေ ကျပ်(၈၅၉၆၈၄၇/-) (ကျပ် ရှစ်ဆယ့်ငါးသိန်းကိုးသောင်းခြောက်ထောင်ရှစ်ရာလေးဆယ့်ခုနှစ်တိတိ)ကို တောင်းဆိုခြင်းဖြစ်သည်။

**ကောက်ချက်အမှတ်(၂)။** ဦးသန်းငွေပါ(၃၀)ဦးမှ ရရန်ရှိသည့်ငွေကျပ် (၈၅၉၆၈၄၇/-) (ကျပ် ရှစ်ဆယ့်ငါးသိန်းကိုးသောင်းခြောက်ထောင်ရှစ်ရာလေးဆယ့်ခုနှစ်တိတိ)ကို မည်သူကပေးရန် တာဝန်ရှိသနည်း။

**စစ်ဆေးဆောင်ရွက်ချက်**

၇။ တောင်းဆိုသူ အလုပ်ရှင် ဦးသံဒိုင်(MD)နှင့် ဦးစိုးမြင့်မောင် (အင်ဂျင်နီယာမှူး)၊ ဦးကျော်ကျော်မိုး(ခ)ဦးကျော်ကျော်ဦး(ကုန်သည်)တို့သည် လိုအပ်သော ငွေကြေးပေးချေလွှဲပြောင်းမှု (ဘဏ်ငွေလွှဲစာ)နှင့် လုပ်ငန်းဆိုင်ရာ မှတ်တမ်းမှတ်ရာများကို တင်ပြခဲ့ပါသည်။ အလားတူ ဦးသန်းငွေမှလည်း ၎င်းထံတွင် ရှိသော မှတ်တမ်းစာအုပ်ငယ်ကို တင်ပြခဲ့ပါသည်။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် ဦးသန်းငွေမှ တင်ပြခဲ့သော စာရင်းနှင့် ကိုးခရိုင်ကုမ္ပဏီတာဝန်ရှိသူတို့မှ တင်ပြခဲ့သော စာရင်းများ၊ အဆင့်ဆင့်သောအဖွဲ့များ၏ စစ်ဆေးဆောင်ရွက်ချက်များကို အသေးစိပ်လေ့လာခဲ့ပါသည်။ အလုပ်ရှင် ဦးသံဒိုင်(MD)၏ကုမ္ပဏီသည် အောင်လံမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောင်လံ-ကျောက်ပန်းတောင်း-သမ္ဘူလ (ကျောက်ချောလမ်း) ခင်းခြင်း လုပ်ငန်းကို တင်ဒါစနစ်ဖြင့် ရယူအောင်မြင်ခဲ့ပြီး လုပ်ငန်းကိုဆောင်ရွက်ခဲ့ပါသည်။

၈။ အဆိုပါလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို အနီးကပ်အင်ဂျင်နီယာအဖြစ် ဦးကျော်ကျော်မိုး (ခ) ဦးကျော်ကျော်ဦးမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး၊ ဦးစိုးမြင့်မောင် (အင်ဂျင်နီယာမှူး)မှ ကြီးကြပ်၍ ဆိုဒ်အင်ဂျင်နီယာ ဦးကျော်ကျော်မိုး(ခ) ဦးကျော်ကျော်ဦးကို လုပ်ငန်းဆိုင်ရာဆက်သွယ်ကြီးကြပ်မှုများ ဆောင်ရွက်ခဲ့ပါသည်။ လုပ်ငန်းဆိုင်ရာ ငွေကြေးပေးချေမှုလုပ်ငန်းများကို ဦးစိုးမြင့်မောင်မှတစ်ဆင့် ကုမ္ပဏီ MD ဦးသံဒိုင်ထံသို့ တင်ပြ၍ ငွေကြေးပေးချေမှုကို ဘဏ်ငွေလွှဲစနစ်အသုံးပြု၍ နေပြည်တော်မှ အောင်လံမြို့နယ်သို့ ပေးချေသောစနစ်ကို သုံးစွဲခဲ့ကြောင်းလေ့လာတွေ့ရှိရပါသည်။

၉။ ဦးသန်းငွေအနေဖြင့် ဦးသံဒိုင်ထံမှ လွှဲပြောင်းရရှိခဲ့သောငွေကြေးများကို အမှန်တကယ် လက်ခံရရှိခဲ့ပြီး၊ ၎င်းအနေဖြင့် လုပ်ငန်းခွင်တွင်အသုံးပြုသော ကျောက်ကျင်းဖိုးငွေများကို ပေးချေသည်ဟုမှတ်ယူပြီး၊ လုပ်အားခငွေများမပါဝင်ဟု မှတ်ယူဖွယ်ရာရှိနေပါသည်။ ၎င်းပေးသွင်းခဲ့သော ကျောက်ဖိုးငွေများကို ပေးချေနိုင်ရေးအတွက် ဆိုဒ်အင်ဂျင်နီယာ ဦးကျော်ကျော်မိုးထံသို့ တင်ပြတောင်းခံခဲ့ပါကြောင်းထွက်ဆိုခဲ့ပါသည်။ အချို့သောစာရင်းများကို အင်ဂျင်နီယာမှူး ဦးစိုးမြင့်မောင်ထံသို့ ၎င်းကိုယ်တိုင်တိုက်ရိုက်ပေးအပ်ခဲ့ပြီး၊ မှတ်တမ်းမှတ်ရာ မိတ္တူမရှိကြောင်း ထွက်ဆိုခဲ့ပါသည်။

၁၀။ ဦးသန်းငွေ၏ ထွက်ဆိုချက်များကို အခြေပြု၍ ဆိုက်အင်ဂျင်နီယာ ဦးကျော်ကျော်မိုးထံတွင်ရှိသော ကျောက်ကျင်းဦးရေစာရင်းကို စစ်ဆေးကြည့်ရှုရာတွင် ကျောက်ကျင်းပေါင်း (၂၁၈)ရှိပြီး၊ တစ်ကျင်းလျှင် ကျပ် ၃၀၀၀၀/- ဖြစ်၍ သုံးစွဲခဲ့သော ကျောက်ကျင်းတန်ဖိုးများကို ကုမ္ပဏီမှ တင်ပြချက်နှင့်အညီ ပေးချေမှုပြုကြောင်း၊ စိစစ်တွေ့ရှိပါသည်။ ဦးသန်းငွေ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြရှင်းလင်းမှုပေါ်မူတည်၍ အခြေခံပြီး စဉ်းစားခဲ့ရာတွင် ယခုဖြစ်စဉ်သည် လုပ်ငန်းသုံးပစ္စည်းဖိုးငွေ ရရှိလိုမှုနှင့် ဦးသန်းငွေအပါ အလုပ်သမား (၃၀)ဦးတို့၏ လုပ်အားခများကို ရရှိလိုမှုနှစ်ရပ်ပေါင်း ကျပ်(၈၅၉၆၈၄၇/-) (ကျပ် ရှစ်ဆယ့်ငါးသိန်းကိုးသောင်းခြောက်ထောင်ရှစ်ရာလေးဆယ့်ခုနစ်တိတိ)ကို ရရှိလိုကြောင်း တင်ပြခဲ့ရာမှ ယခုကဲ့သို့အငြင်းပွားမှုဖြစ်ပွားခဲ့ပြီး၊ အရေးယူစစ်ဆေးဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါသည်။

၁၁။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အလုပ်သမားများ၏ လုပ်ခ(ခံစားခွင့်)ရရှိမှု ရှိ/မရှိကို ဆုံးဖြတ်စစ်ဆေးဆောင်ရွက်နိုင်သော်လည်း ကျောက်ကျင်းပစ္စည်းဖိုး၊ မြေနီဖိုးများနှင့်ပတ်သက်၍မူ လုပ်ပိုင်ခွင့်အတွင်းမရှိ၍ ဆုံးဖြတ်မှုမပြုနိုင်ကြောင်း အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့ကို ရှင်းလင်းခဲ့ပါသည်။ အလုပ်ရှင်မှ လုပ်အားခငွေ ကျပ် ၉၄၂၅၀၀/-(ကျပ်ကိုးသိန်းလေးသောင်းနှစ်ထောင်ငါးရာတိတိ)ပေးချေရှင်းလင်းရန် ကုမ္ပဏီအနေဖြင့် တင်ပြလိုပါကြောင်း ထွက်ဆိုခဲ့သည်ဖြစ်၍ တောင်းဆိုသူ ဦးသန်းငွေအနေဖြင့် လုပ်အားခငွေများကို ထိုငွေရပ်ထက် များခြင်း၊နည်းခြင်းတို့ကို လုံလောက်သော စာရင်းများဖြင့် တုံ့ပြန်နိုင်ခြင်းမရှိခဲ့ပါ။ အဆိုပါလမ်းဖောက်လုပ်ခြင်းသည်

၂၀၁၅ ခုနှစ်မှ စတင်လုပ်ကိုင်ခဲ့ပြီး၊ ၁၉-၃-၂၀၁၅ ရက်နေ့တွင် လုပ်ငန်းခွင်ရုပ်သိမ်းခဲ့ကြောင်း ဆိုဒ်အင်ဂျင်နီယာ ဦးကျော်ကျော်မိုးနှင့် ဦးသံဒိုင် (MD)တို့မှ အတိအလင်းထွက်ဆိုရှင်းလင်းခဲ့ပါသည်။

သုံးသပ်ချက်

၁၂။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့အနေဖြင့် အဆိုပါအငြင်းပွားမှုသည် လုပ်ငန်းခွင်တွင်းသုံးစွဲခဲ့သော ကျောက်ကျင်းများတန်ဖိုးကြွေးကျန်နှင့် လုပ်အားခငွေများကို ရောနှော၍ တောင်းဆိုထားခြင်းကြောင့် ဤအငြင်းပွားမှုဖြစ်ပွားခဲ့ရခြင်း၏ အကြောင်းရင်းအဖြစ်သုံးသပ်ပါသည်။ လုပ်သား ဦးသန်းငွေသည် လမ်းလုပ်ငန်းအတွက် လုပ်သားများနှင့် ကျောက်ကျင်း၊ မြေနီကျင်းများတင်သွင်းမှုကို လုပ်ကိုင်ရာတွင် အကြိမ်ကြိမ်အလီလီ ဆောင်ရွက်သဖြင့် ကုမ္ပဏီမှငွေချေသည့်အခါ ၎င်းအနေဖြင့် ကျောက်ကျင်းဖိုးများပေးချေသည်ဟု မှတ်ယူပြီး၊ လုပ်အားခများကျန်ရှိနေသေးသည်ဟု ထင်မြင်ယူဆ၍ ဤကဲ့သို့ ကုမ္ပဏီမှ ကျပ်(၈၅၉၆၈၄၇/-) (ကျပ် ရှစ်ဆယ့်ငါးသိန်းကိုးသောင်းခြောက်ထောင်ရှစ်ရာလေးဆယ့်ခုနှစ်တိတိ)ကို ရရှိလိုကြောင်း တောင်းခံခဲ့ရာကုမ္ပဏီအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြတောင်းခံချက်နှင့်အညီ ရောဝတီဘဏ်မှ တစ်ဆင့် ငွေ-၆၅၀၃၇၅၀၀/- (ကျပ်ခြောက်ဆယ့်ငါးသိန်းသုံးထောင်ခုနှစ်ရာငါးဆယ်တိတိ)ကို လွှဲပြောင်းပေးပို့သည်ကို ဦးသန်းငွေမှလက်ခံရယူထားကြောင်း တွေ့ရှိရသဖြင့် ပစ္စည်းဖိုးကိုသာ လက်ခံရယူပြီး၊ လုပ်အားခများကျန်နေမည်ဟု မှတ်ယူထားဖွယ်ရှိနိုင်ကြောင်း သုံးသပ်ပါသည်။ သို့ရာတွင် MD ဦးသံဒိုင်နှင့် ဆိုဒ်အင်ဂျင်နီယာ ဦးကျော်ကျော်မိုးတို့၏ အတိအလင်းထွက်ဆိုချက်များ၊ အင်ဂျင်နီယာမှူး ဦးစိုးမြင့်မောင်၏ ရှင်းလင်းထွက်ဆိုချက်များကြောင့် လုပ်အားခကျန်ငွေ ကျပ် ၉၄၂၅၀၀၀/-(ကျပ်ကိုးသိန်းလေးသောင်းနှစ်ထောင်ငါးရာတိတိ) ကိုသာ ပေးရန်ရှိကြောင်း မှတ်တမ်းမှတ်ရာများအရ တင်ပြထုချေရှင်းလင်းခဲ့သဖြင့် လုပ်အားခကျန်ငွေများကို ဥပဒေနှင့်အညီ ထုတ်ပေးမည်ဖြစ်ကြောင်း ထွက်ဆိုခဲ့ကြပါသည်။

၁၃။ လမ်းလုပ်ငန်းတွင်ပါဝင်ခဲ့သော အလုပ်သမားများအနေဖြင့် ယခုကဲ့သို့နှစ်နှစ်ကျော်တိုင်အောင် လုပ်အားခမခံစားရသည်ကို မိမိတို့အနေဖြင့် ယုံကြည်ရန်ခက်ခဲ့သော်လည်း လုပ်အားခငွေများကို သက်ဆိုင်ရာကုမ္ပဏီတွင် ကျန်ငွေရှိနိုင်ကြောင်းကို ဤအဖွဲ့အနေဖြင့် လက်ခံသုံးသပ်ပါသည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ကောက်ချက်အမှတ်(၁)အရ လုပ်အားခကျန်ငွေ ကျပ် ၉၄၂၅၀၀၀/- (ကျပ်ကိုးသိန်းလေးသောင်းနှစ်ထောင်ငါးရာတိတိ)ကို ပေးချေရန် ဆုံးဖြတ်သည်။

**ဆုံးဖြတ်ချက်အမှတ်(၂)။** ကောက်ချက်အမှတ်(၂)အရ ကျောက်ကျင်းဖိုးကျန်ငွေရှိ/မရှိကို ဤအဖွဲ့အနေဖြင့် ဆုံးဖြတ်ပိုင်ခွင့်မရှိ၍ နှစ်ဦးနှစ်ဖက်တို့စာရင်းမှတ်တမ်းများဖြင့် တိုက်ဆိုင်ရှင်းလင်းကြရန်ဆုံးဖြတ်သည်။ လုပ်အားခ ကျန်ငွေများကို ကိုးခရိုင်သားကုမ္ပဏီလီမိတက်မှ ပေးချေရန် တာဝန်ရှိကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

| | | |
|---|---|---|
| ဦးမောင်မောင်ဝင်း | ဦးသောင်းစိန် | ဦးရဲနိုင်ဝင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |